www.kelasa.org



## ဘာသာရေးကြောင့် ဘေးမဖြစ်သင့်

ဆရာတော် အရှင်မြတ်များ ဘုရား၊

ဇန်နဝါရီ ၁၅ ရက်စွဲနှင့် အေအက်ဖ်ပီ သတင်းတစ်ပုဒ်အရ ဘင်လဒင်၏ အသံသွင်းတိပ်ခွေမှာ ဘာသာရေးစစ်ပွဲ (Religious War) ဆင်နွဲမည်ဟု ဆိုကြောင်း သိရပါသည်။ တပည့်တော်သည် ဘာသာရေးစစ်ပွဲ ဟူသောအသံကို ကြားရတိုင်း စိတ်မချမ်းမြေ့ ဖြစ်မိပါသည်။ ဘာသာရေးမှာ စစ်ပွဲဆိုတာ ရှိပါသလား။ ရှိကော ရှိသင့်ပါသလား။ ဘာသာရေးရဲ့ ရည်ရွယ်ချက်က ဘာပါလဲ။ ဗုဒ္ဓဘာသာ၌ ဘာသာရေးကို အကြောင်းပြု၍ စစ်ပွဲဆင်နွဲရန် တိုက်တွန်းမှု လှုံ့ဆော်မှု ရှိပါသလား။ အလွန်သိချင်သော အကြောင်းအရာဖြစ်၍ သနားသောအားဖြင့် ဖြေကြားပေးပါ ဘုရား။

အောင်ထွန်းရွှေ၊ ဒူပိုင်းမြို့

------------------

### မုက္ခပါဠ်တွေကို ဖန်တီးသူ

ရှေးဦးလူတွေဟာ သဘာဝ ဘေးအန္တရာယ်တစ်ခုခုနဲ့ ကြုံစဉ်မှာ အားကိုးရာ ရှာဖွေရင်း သစ်ပင် တောတောင် ပင်လယ် သမုဒ္ဒရာ ရေမြေ နေလ နက္ခတ်တာရာတွေကို ကိုးကွယ်ခဲ့ကြတယ်။ စိတ်ကူးယဉ် ပုံဖော်ပန်းချီ ရုပ်တုတွေကို ပူဇော်ပသခဲ့ကြတယ်။ အဲဒီလို ကိုးကွယ်ကြရင်း အပူအအေး ရွေ့ရှားမှု ရုပ်တည်မှုစတဲ့ စွမ်းအင်တွေသာဖြစ်တဲ့ သဘာဝယန္တရားကြီးကို ဆက်ကာဆက်ကာ လည်စေတဲ့ စကြဝဠာ ကမ္ဘာမိုးမြေကို အုပ်စိုးပိုင်သသူ စူပါတန်ခိုးရှင်တစ်ဦး ကောန်ရှိရမယ်လို့ စွဲလမ်း ပုံဖော်ရာကနေ အဲဒီ စိတ်ကူးထဲက တန်ခိုးရှင်ဟာ လူတွေရဲ့ နှလုံးအိမ်မှာ သံငါးမျှားချိတ်လို စူးဝင်သွားခဲ့ပါတယ်။

နောက်ဆုံးမှာ လူတွေကပဲ ပြုပြင်ဖယ်ရှားလို့မရတဲ့ အပြည့်စုံဆုံး မုက္ခပါဠ်ကျမ်းမြတ် ဆိုတာတွေကို ဖန်တီးခဲ့ကြတာပဲ။ အဲဒီမုက္ခပါဠ်တွေမှာ ညွှန်ကြားထားတာရှိရင် အဲဒီဘာသာဝါဒမှာ စစ်ပွဲဆိုတာ ရှိနေမှာပဲ။ အမှန်သော် ဘာသာရေးရဲ့ ရည်ရွယ်ချက်က လူတွေကို စိတ်ပိုင်းဘဝ ဖွံ့ဖြိုးအောင် လေ့ကျင့်ပေးဖို့ ယုံကြည်မှုအသားရောင် လူမျိုးဇာတ် မခွဲခြားဘဲ လူကိုလူလို့ မြင်တတ်အောင် သင်ကြားဖို့ပဲဖြစ်သင့်ပါတယ်။

### မုက္ခပါဠ်တော်များရဲ့ ညွှန်ကြားချက်

၁ ရာ ၁၅း၂ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုး၌ အာမလက် အမျိုးပြုသော ဆီးတားခြင်းအမှုကို ငါမှတ်လျက်ရှိ၏။ ၃။ ယခု သွား၍ ထိုအမျိုးကို လုပ်ကြံလော့။ နှမြောခြင်းမရှိဘဲ ရှင်းရှင်း ဖျက်ဆီး၍ ယောကျ်ား၊ မိန်းမ၊ သူငယ်၊ နို့စို့မှစ၍ သိုး၊ နွား၊ ကုလားအုပ်၊ မြည်းတို့ကို သတ်လော့ဟု ရှောလုအား ဆင့်ဆိုသည်အတိုင်း ၄။ ရှောလုသည် လူတို့ကို စုဝေးစေ၍ တေလိမ်မြို့မှာ စာရင်းယူသဖြင့် ခြေသည် သူရဲနှစ်သိန်း၊ ယုဒ စစ်သူရဲ တစ်သောင်းရှိကြ၏။

**ကိုရ်အာန် ၄း၁၄** စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်အံ့၊ ထိုသို့ တိုက်ခိုက်ရာတွင် ထိုသူသည် အသတ်ခံရသည်ဖြစ်စေ၊ အောင်နိုင်သည်ဖြစ်စေ ငါအရှင် သည် ထိုသူ့အား မကြာမြင့်မီအတွင်း ကြီးကျယ်မြင့်မြတ်သော အကျိုးကို ပေးသနားတော်မူအံ့။ ကိုရ်အာန် ၈း၁၂။ အသင်တို့သည် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့၏ လည်ကုပ်များကို ခုတ်ဖြတ်ကြလေကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏ လက်ချောင်းများ၏ အဆစ်များကို တခုစီ ဖြတ်တောက်ကြလေကုန်။

### ဝါဒရေးရာ စိန်ခေါ်တဲ့ သဘောထား

နာမည်ကျော် ဗြိတိသျှလူမျိုး တွေးခေါ်ရှင် ဘာထရန်ရပ်ဆယ်လ်က 'သမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ဘာသာတရားတွေထဲမှာ ကျုပ်ကတော့ ဗုဒ္ဓဘာသာကိုပဲ နှစ်သက်တယ်။ အထူးသဖြင့် ဒီဝါဒရဲ့ ရှေးအကျဆုံး ပုံစံကိုပေါ့။ ဘာကြောင့်ဆို ဒီဝါဒရဲ့



www.kelasa.org

www.kelasa.org

သမိုင်းမှာ အတင်းအကြပ် ဘာသာသိမ်းသွင်းတာ ဘာသာရေး နှိပ်ကွပ်တာတွေ မတွေ့ရသလောက် ဖြစ်လို့ပါပဲ’လို့ ဆိုခဲ့ပါတယ်။ နှစ်ခြင်းခရစ်ယန် ဘုန်းကြီးရဲ့သား နောင်အခါ လန်ဒန် ပါဠိအသင်းကို တည်ထောင်သူ ပါမောက္ခ ရေးစ်ဒေးဗစ်ကလဲ ‘ဗုဒ္ဓဝါဒီတွေရဲ့ ကြီးမြတ် အထက်တန်းကျမှု နှစ်ပရိစ္ဆေဒကို ရှည်လျားစေခဲ့တဲ့ ရာစု နှစ်ပေါင်းများစွာ ကြာပြီဖြစ်တဲ့ ဗုဒ္ဓဝါဒသမိုင်း တစ်လျှောက်လုံး ကျုပ် သိရသမျှ ဗုဒ္ဓဝါဒီတွေက အခြားမည်သည့် ဘာသာဝါဒီတွေကိုမှ အကြမ်းဖက်ပြီး ဘာသာကူးပြောင်းခိုင်းတယ်ဆိုတဲ့ မှတ်တမ်း မရှိပါဘူး’တဲ့။

ဘာကြောင့် ဗုဒ္ဓဝါဒီတွေဟာ အဲဒီလို အတင်းအကြပ်ကိစ္စ မလုပ်ကြတာလဲ ဆိုရင် မြတ်ဗုဒ္ဓရဲ့ ‘လာလှည့် ရှုလှည့်၊ ကြိုက်ရင် ဆက်လုပ်၊ မကြိုက် ကိုယ့်သဘောပဲ’ ဆိုတဲ့ ဝါဒရေးရာ စိန်ခေါ်တဲ့ သဘောထားကြောင့် ဖြစ်ပါတယ်။ ဖော်ပြတွေးခေါ်ရှင် ပညာရှင်တွေရဲ့ စကားက သူလိုကိုယ်လို လူတစ်သောင်း၊ သို့မဟုတ် တစ်သိန်း၊ သို့မဟုတ် သန်းပေါင်း များစွာရဲ့ စကားလို့ဆိုရင် မငြင်းသာပါဘူး။

## ဗုဒ္ဓဝါဒမှာ စစ်ဆိုတာ လုံးဝမရှိ

ဗုဒ္ဓဝါဒမှာ မိမိဟောပြောတာကို မယုံကြည်သူတွေကို တိုက်ခိုက်ဖို့ သတ်ပစ်ဖို့ လက်နက် ဆွဲကိုင်တယ် ဆိုတာမျိုးကို အင်မတန် ကြီးမားမိုက်မဲတဲ့အကုသိုလ်လို့ နားလည်ပါတယ်။ ဗုဒ္ဓဝါဒရဲ့ လောကကို ရှုမြင်ပုံက ‘ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတု ဘင်္ဂါ နိရုဇ္ဈတိ = အကောင်း အဆိုးဆိုတဲ့ ဖြစ်စဉ်တစ်ခုဟာ အကြောင်းကြောင့် ဖြစ်ရတာ၊ အကြောင်းချုပ်ရင် အဲဒါတွေ ငြိမ်းတာပဲ’လို့ ဖြစ်ပါတယ်။

‘အကြောင်း’ဆိုတာ ငါမှငါပဲဆိုတဲ့ အတ္တာလွန်ကဲမှု၊ စိတ်ဆိုး အငြိုးကြီးမှုနဲ့ ဆင်ခြင်တုံတရားမဲ့မှုဆိုတဲ့ ကိုယ်တွင်း (အဇ္ဈတ္တ) စိတ်ခံစားမှုနဲ့ အဲခံစားမှုတွေ ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးတဲ့ ပြင်ပ(ဗဟိဒ္ဓ) အခြေအနေတွေ ဖြစ်ပါတယ်။ ဒီလို ယုံကြည်တဲ့အတွက် ဗုဒ္ဓဝါဒဆိုတဲ့ အမည်နာမ သို့မဟုတ် ဗုဒ္ဓဝါဒပြန့်ပွားရန် ဆိုတဲ့ အဓိပ္ပာယ်နဲ့ စစ်ပွဲဆိုတာ မရှိနိုင်ဘူး။ ရှိလဲ မရှိခဲ့ပါဘူး။ လူမျိုးရေး စီးပွားရေး နိုင်ငံရေး အရင်းခံနဲ့ ဗုဒ္ဓဝါဒီတွေ ပါဝင်တဲ့ စစ်ပွဲမျိုးတော့ ရှိကောင်းရှိ နိုင်ပါတယ်။

## ဘာသာရေးမှာ စစ်ပွဲရှိသင့်သလား

ဒီအဖြေအတွက် ဗုဒ္ဓဝါဒကတော့ ရှင်းပါတယ်။ Absolutely No ပါပဲ။ ဖော်ပြပါ ကျမ်းမြတ်တွေကို ယုံကြည်ကိုးကွယ်တဲ့ ဘာသာရေးအုပ်စုကြီး နှစ်ခုမှာပါတဲ့ ပညာတတ် မိတ်ဆွေနှစ်ယောက်မကကို ဒီမေးခွန်းမျိုး မေးဖူးပါတယ်။ အီရန်က လာတဲ့ အင်ဂျင်နီယာ ဒုက္ခသည်တစ်ဦးရဲ့ အဖြေက ‘ဘုရားသခင်ကိုယ်တိုင် ခွင့်ပြုထားတာဖြစ်လို့ ကိုယ့်နိုင်ငံနဲ့ လူမျိုးကို ကျူးကျော်လာရင် စစ်ဆိုတာ တိုက်ရမှာပဲ’ တဲ့။

‘ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး’ သီအိုရီက ယဉ်ကျေးမှု ဦးပိုင်းကာလကပင် ရှိနေခဲ့လို့ ဘာသာရေး အမြင်ထဲမှာ မထည့်လိုပါဘူး။ ဒါပေမဲ့ ဘာသာမတူ ယုံကြည်မှုမတူသူတွေကို အတင်းအကြပ် ဘာသာ ကူးပြောင်းခိုင်း၊ မရရင် ကွပ်မျက်ပစ်တဲ့ ရာဇဝင်တွေက အင်မတန် ရှည် လျားစွာ ရှိခဲ့တယ် ရှိနေတယ် မဟုတ်ပါလားလို့ ဆိုတော့ သူတို့ reason တွေ များစွာ ပေးကြပေမဲ့ ဘုန်းကြီးကတော့ သူတို့အနေနဲ့ မေးခွန်းကို ရှောင်လွှဲနေတယ်၊ အကြောင်းပြချက်ဟာ မမှန်ဘူးလို့ ခံစားနေမိတဲ့ အတွက် ဆက်မမေးဘဲ ဆိတ်ဆိတ်ပဲ နေခဲ့ပါတယ်။ ❐

**BRAIN WASH**

***

သတ္တဝါတယောက်
ယူမှားမှောက်ကို
သိန်းလောက်ဘုရား
လှန်သောအားဖြင့်
ဟောကြားချေချွတ်
ဖြေမလွတ်ဘူး။
(မဃဒေဝ)





www.kelasa.org